## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၇ (ခ) အရ အခွန်အကောက် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ ခွင့်ပြုမိန့်/အတည်ပြုမိန့်များဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၇(ခ)အရ ပြည်ပမှ ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် တစ်ပိုင်းတစ်စထုတ်လုပ်ပြီးသော ကုန်ပစ္စည်းများကို အခွန်အကောက် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်လျှောက်ထားလာပါက ပိုမိုလွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုသွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းရှင်များ ကြိုတင်သိရှိဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်-

(က) စီးပွားဖြစ်စတင်ခြင်းမပြုမီ စက်စမ်းသပ်လည်ပတ်ရန်အတွက် အခွန်အကောက် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် ကုန်ကြမ်းတင်သွင်းခြင်းကို တစ်ကြိမ်သာ တင်သွင်းခွင့်ပြုမည် ဖြစ်ပါသည်။ ထိုသို့တင်သွင်းရာတွင် တင်သွင်းသည့်ကုန်ကြမ်း ပမာဏသည် တစ်နှစ်စာကုန်ကြမ်း လိုအပ်ချက်၏ ၂ လစာပမာဏထက် ကျော်လွန်ခြင်း မရှိစေရ။

(ခ) စီးပွားဖြစ်စတင်ပြီးမှသာ ကုန်ကြမ်းပစ္စည်းများအား အခွန်အကောက် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် ဆက်လက်တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး အောက်ဖော်ပြပါ လျှောက်ထားလွှာနှင့် စာရွက်စာတမ်းများဖြင့် မိမိလျှောက်ထားတင်သွင်းလိုသည့် ကာလမတိုင်မီ ၃ လ ကြိုတင်၍ ကော်မရှင်သို့ တစ်နှစ်ချင်းစီ နှစ်စဉ် တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်-

(၁) လုပ်ငန်းသဘာဝအရ နှင့် ထုတ်လုပ်မှုအမျိုးအစားတို့အပေါ်မူတည်၍ တစ်နှစ်စာ လိုအပ်မည့် ကုန်ကြမ်း နှင့် ထွက်ရှိမည့် ကုန်ချောပမာဏ၊ ကုန်ချောတစ်ယူနစ် ထုတ်လုပ်ရန်အတွက်သုံးစွဲမည့်ကုန်ကြမ်း(Norms)၊ Rejection Rate နှင့် မျှော်မှန်းဝင်ငွေတို့အား ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားသည့် အခွန်အကောက် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာ ပုံစံ (၆)။

(၂) ကုန်ချောပစ္စည်းများ ပြည်ပသို့ပြန်လည်တင်ပို့ခဲ့သည့် အထောက်အထားများ ဖြစ်သည့် ထုတ်ကုန်ကြေညာလွှာ (Export Declaration) ။

(ဂ) အပိုဒ်ခွဲ (ခ) အရ လျှောက်ထားတင်ပြလာသည့်အခါ တစ်နှစ်စာလိုအပ်မည့် ကုန်ကြမ်း ပမာဏ၊ ကုန်ချောထွက်ရှိမှု၊ Rejection Rate တို့သည် ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ကိုက်ညီမှု ရှိ မရှိ ကို ကော်မရှင်က လုပ်ငန်းသဘာဝနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ သို့ သဘောထားတောင်းခံသွားမည် ဖြစ်ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများက ကုန်ကြမ်းပမာဏနှင့် Rejection Rate တို့အပေါ် ပြင်ဆင်ရန်သဘောထား ပြန်ကြား

ခဲ့ပါက လျှောက်ထားသူအနေဖြင့် ပြန်လည်ပြင်ဆင်လျှောက်ထားရမည် ဖြစ်ပြီး ကော်မရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာနများက သဘောထားပြန်ကြားခဲ့သည့် ကုန်ကြမ်းပမာဏနှင့် Rejection Rate တို့နှင့်အညီ စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

၂။ ကော်မရှင်၏ခွင့်ပြုချက်အရ ပြည်ပမှကုန်ကြမ်းပစ္စည်းများ သို့မဟုတ် တစ်ပိုင်းတစ်စ ထုတ်လုပ်ပြီးသော ကုန်ပစ္စည်းများကို အခွန်အကောက် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ရရှိခဲ့သည့် လုပ်ငန်းများသည် လုပ်ငန်းဆောင်ရွက်သည့် နှစ်တစ်နှစ်၏ နောက်ဆုံးသုံးလပတ်အတွင်းတွင် အခွန်အကောက် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် ကုန်ကြမ်းတင်သွင်းခဲ့သည့် သွင်းကုန် ကြေညာလွှာ (Import Declaration) များ၊ ကုန်ချောထုတ်လုပ်ခဲ့မှုများနှင့် ပြည်ပသို့တင်ပို့ခဲ့သည့် ထုတ်ကုန် ကြေညာလွှာ (Export Declaration) များ နှင့် နိုင်ငံခြားဝင်ငွေရရှိခဲ့မှု အထောက်အထားများအား ကော်မရှင် သို့ အစီရင်ခံစာ တင်ပြရမည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းက ရရှိသည့် ဝင်ငွေ၏ ၈၀ ရာခိုင်နှုန်းသည် ပို့ကုန်များမှ ရရှိသော နိုင်ငံခြားငွေဖြစ်မှသာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ၇၇ (ခ) အရ အခွန်အကောက် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ရရှိမည်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၇ (ခ) အရ အခွန်အကောက် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းထားသည့် ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် တစ်ပိုင်းတစ်စ ထုတ်လုပ်ပြီးသော ကုန်ပစ္စည်းများဖြင့် ထုတ်လုပ်၍ ထွက်ရှိလာသည့် ကုန်ချောပစ္စည်းများကို ပြည်တွင်း၌ ရောင်းချခွင့်မရှိဘဲ ပြည်ပသို့ ရာနှုန်းပြည့် ပြန်လည်တင်ပို့ရမည် ဖြစ်ပါသည်။ ကုန်ချောပစ္စည်းများကို ပြည်တွင်းသို့ ရောင်းချကြောင်း စိစစ်တွေ့ရှိရပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၈၅ အရ လည်းကောင်း၊ သက်ဆိုင်ရာ အခွန်အကောက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၇ (ခ) အရ ပြည်ပမှ ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် တစ်ပိုင်းတစ်စထုတ်လုပ်ပြီးသောကုန်ပစ္စည်းများကို အခွန်အကောက် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းလိုသည့်လုပ်ငန်းများအနေဖြင့် ဤအသိပေးကြေငြာစာပါ သတ်မှတ်ချက်များနှင့် အညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားတင်ပြလာပါက ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများအရ စိစစ်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်